# မိဘ ဆရာများ ဖတ်ဖို့ သတ်ပုံဖတ်စာ(၂) အကြောင်း

မြန်မာစာမှာ ၂ နဲ့ င အသံဟာ တစ်သံတည်းမို့လို့ ကလေးတို့ဟာ အသံ တူတွေကို စာလုံးပေါင်းတဲ့ အချိန်မှာ ၂ နဲ့ ပေါင်းရမလား င နဲ့ ပေါင်းရမလား ဆိုတာကို မကွဲပြားတော့ဘဲနဲ့ ဝေဝါး ရှုပ်ထွေးလာကြပါတယ်။

ကျွန်မဟာ ကလေးတို့ရဲ့ ခက်ခဲမှုကို လွယ်ကူစေဖို့အတွက် ကလေးတွေကို ဘယ်လို သင်ကြားရမလဲ ဆိုတာ စဉ်းစားခဲ့ပါတယ်။ ကလေးတွေကို သင်ကြားတဲ့ အချိန်မှာ အလွတ်ကျက်မှတ်တဲ့နည်းနဲ့ မသင်ဖို့အတွက် ပုံပြင်လေး တွေနဲ့ပဲ သင်ကြားဖို့ ကျွန်မ စဉ်းစားမိပါတယ်။

ခြောက်နှစ်၊ ခုနစ်နှစ် အရွယ် ကလေးလေးတွေဟာ တိရစ္ဆာန်အကောင်လေးတွေ အကြောင်းကို စိတ်ဝင်စား ကြပါတယ်။ ဒါကြောင့် သတ်ပုံဖတ်စာ (၁) မှာ ကျားကလေး ဖိုးပြား ပုံပြင်ကို ကျွန်မ ရေးခဲ့တာပါပဲ။ အခု စာအုပ် မှာတော့ ကျီးကလေးအကြောင်းပေါ့။ ကျီးကလေးအကြောင်း ပုံပြင်မှာ ကျီးကလေးနဲ့ ကျီးမေမေကြီး အကြောင်းကို ဖတ်ရင်းနဲ့ ၂ နဲ့ ကျီးတဲ့ ကျီးဟာ ကျီးကန်း အကောင်ဖြစ်ပြီး ၊ င နဲ့ ကြီးတဲ့ ကြီး ကတော့ အကြီးကြီး (သို့) ကြီးပြင်းလာတယ်ကို ဆိုလိုတာဖြစ်ကြောင်း သူတို့ ကွဲပြားစွာ သိသွားကြဖို့ ရည်ရွယ် ရေးသားထားပါတယ်။

ပုံပြင်လေးကို ဖတ်ပြီးတဲ့ အချိန်မှာ ကလေးတို့ဟာ စာလုံးပေါင်းသတ်ပုံတွေကို ပိုသတိထားမိစေဖို့အတွက် သတ်ပုံကဗျာကိုလည်း ကျွန်မ ရေးထားပါသေးတယ်။ သတ်ပုံကဗျာကို ဖတ်ပြီး ရွတ်ပြီးတဲ့ နောက်မှာတော့ ကလေးတို့ ဆက်လက်လေ့လာဖို့ သတ်ပုံအဘိဓာန်ကလေးကို ကျွန်မ ထည့်ထားပါသေးတယ်။

ပုံပြင်လည်း ဖတ်ပြီးပြီ၊ ကဗျာလည်း ရွတ်ပြီးပြီ။ အဘိဓာန်ကိုလည်း လေ့လာပြီးပြီ ဆိုရင်တော့ မှားတတ်-တဲ့ ၂ နဲ့ င အသုံးလေးတွေကို မှန်မှန်ကန်ကန် ရွေးနိုင်စေဖို့အတွက် အမှန်ရွေးပါဆိုတဲ့ Activitiy လေး တစ်ခု ကိုပါ ကလေးတို့ လုပ်ကြည့်ရမှာပါ။

ဒီစာအုပ်ကလေးဟာ သင်ကြားရေးစာအုပ် ဆိုပေမယ့် ပုံပြင်လိုမျိုးလည်း ကလေး အငယ်လေးတွေကို ဖတ်ပြလို့ ရတဲ့ ပုံပြင်စာအုပ်အဖြစ် ပုံများများနဲ့ ရည်ရွယ် ရေးသားထားပါတယ်။ ၂ နဲ့ င ကို အခုမှ စသင်ရတဲ့ သူငယ်တန်းကလေးတွေကိုလည်း ဖတ်ခိုင်းလို့ ရသလို၊ သတ်ပုံ ခဏ ခဏ မှားတတ်တဲ့ တစ်တန်း၊ နှစ်တန်း၊ သုံးတန်း၊ လေးတန်း ကလေးမျိုးကိုလည်း ဒီစာအုပ်လေးနဲ့ သတ်ပုံ မမှားအောင် လေ့ကျင့်ပေးလို့ ရပါတယ်နော်။

ကလေးတို့ ပျော်ရွှင်စွာ လေ့လာသင်ယူနိုင်ကြပါစေ။

ခေတ်ဘုန်းသစ်